## သိထားချင်လို့ပါ

သွားနုတ်ခံမည့် လူနာက သွားဆရာဝန် ကုလားထိုင်မှာ ထိုင်မိသည်နှင့် သူ့ပါလာသောငွေများကို ရေတွက်ကြည့်လေသည်။

သည့်တော့ သွားဆရာဝန်က "သွားနုတ်ခ ကြိုပေးစရာ မလိုပါဘူးဗျာ" ဟု ပြောပြလေရာ

လူနာက "ကျွန်တော် သိပါတယ်။ ဆရာ မေ့ဆေး မပေးခင် ကျွန်တော့် ပိုက်ဆံ ဘယ်လောက်ရှိသလဲဆိုတာ သိထားချင်လို့ပါ" ဟု ရှင်းပြလိုက်၏။

❐

## ကြာလာရင် အသားကျသွားပါ

နက္ခတ်ပညာရှင်။ ။ "ခင်ဗျား နောက်ထပ် ၂ နှစ်လောက်တော့ ဆင်းရဲချို့တဲ့ နေဦးမယ်။ အလုပ်လက်မဲ့ ဖြစ်နေဦးမှာပဲ"

မေးသူ။ ။ "အဲဒီ ၂ နှစ် နောက်ပိုင်းဆိုရင်"

နက္ခတ်ပညာရှင်။ ။ "ဆင်းရဲမွဲတေတာတွေ၊ အလုပ်လက်မဲ့တာတွေနဲ့ အသားကျသွားမှာပေါ့ဗျာ"

❐